Form (2)

Republic of the Union of Myanmar ★ Myanmar Investment Commission ★
Sr. No. 589-F
Date 21-6-2017

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1299/2017 Date 21st June 2017

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter U KYAW KHIN

(b) Citizenship MYANMAR

(c) Address NO. 3 C, WARD NO. (9), U TUN NYO STREET, INDUSTRIAL ZONE (6), HLAING THARYAR TOWNSHIP, YANGON REGION

(d) Name and Address of Principal Organization -

(e) Place of incorporation -

(f) Type of investment business MANUFACTURING AND MARKETING OF VARIOUS PRINTED DOCUMENTS SUCH AS PASSBOOK (SAVING BOOK) AND CHEQUE BOOK

(g) Place(s) at which investment is permitted PLOT NO. 61, HLAING THARYAR INDUSTRIAL ZONE 3, HLAING THARYAR TOWNSHIP, YANGON REGION

(h) Amount of Foreign Capital US$ 0.76 MILLION

(i) Period for foreign capital brought in WITHIN ONE YEAR FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 1.55 MILLION (INCLUDING US$ 0.76 MILLION)

(k) Construction period 1 (ONE) YEAR

(l) Validity of investment permit 30 YEARS

(m) Form of investment JOINT VENTURE

(n) Name of Company incorporated in Myanmar MYANMAR DECO-TBSP SPECIAL PRODUCTS COMPANY LIMITED

21.6.17

Chairman

The Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၂၉၉/၂၀၁၇ ၂၀၁၇ ခုနှစ် ဇွန်လ ၂၁ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် ဦးကျော်ခင်

(ခ) နိုင်ငံသား မြန်မာ

(ဂ) နေရပ်လိပ်စာ အမှတ်-၃(C)၊ ၉ ရပ်ကွက်၊ ဦးထွန်းညိုလမ်း၊ စက်မှုဇုန်(၆)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ -

(င) ဖွဲ့စည်းရာအရပ် -

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ငွေစက္ကူအိတ်၊ ချက်စာအုပ်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ်-၆၁၊ မြေတိုင်းရပ်ကွက် အမှတ်- အပိုင်း ၃၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၀.၇၆ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ခွင့်ပြုမိန့် ရရှိသည့်နေ့မှ (၁) နှစ်အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၁.၅၅ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ (အမေရိကန်ဒေါ်လာ ၀.၇၆ သန်းအပါအဝင်)

(ဋ) တည်ဆောက်မှုကာလ ၁ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၃၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည်
MYANMAR DECO- TBSP SPECIAL PRODUCTS COMPANY LIMITED

21.6.17

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.(1), Thitsar Road, Yankin Township, Yangon

Tel: 95-1-658128
Fax: 95-1-658141

Our ref : MIC-3/FI-1250/2017(589 - F)
Date : 21st June 2017

Subject: **Decision of the Myanmar Investment Commission on the Proposal for "Manufacturing and Marketing of Various Printed Documents such as Passbook (Saving Book) and Cheque Book" under the name of "Myanmar Deco-TBSP Special Products Company Limited".**

Reference: Myanmar Deco-TBSP Special Products Company Limited's letter dated (6.12.2016)

1. The Myanmar Investment Commission, at its meeting (8/2017) held on (19-5-2017), had approved that the proposal for investment in "Manufacturing and Marketing of Various Printed Documents such as Passbook (Saving Book) and Cheque Book" under the name of "Myanmar Deco-TBSP Special Products Company Limited" submitted as a joint venture investment by Thai British Security Printing Overseas Co., Ltd. (49 %) from Kingdom of Thailand and U Kyaw Khin (51 %) from the Republic of the Union of Myanmar.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be initial 30 (thirty) years and extendable 10 (ten) years in 2 (two) times commencing from the date of the issuance of Myanmar Investment Commission's permit. The term of the Lease Agreement for land and building shall be initial 30 (thirty) years commencing from the date of signing of the Lease Agreement between U Kyaw Khin, Daw Aye Nan (Lessors) and Myanmar Deco-TBSP Special Products Company Limited (Lessee) and extendable for 10 (ten) years in 2 (two) times with the mutual agreement between the Lessors and the Lessee subject to the approval of Myanmar Investment Commission. On the expiry of the lease period, Myanmar Deco-TBSP Special Products Company Limited shall transfer the leased land and building in good condition.

4. The annual rent for the land and building shall be US$ 42,791 (United States Dollar forty-two thousand, seven hundred and ninety-one only) calculated at the rate of US$ 5.00 per square metre per year of the uncovered area measuring 6,038.236 square metres and calculated at the rate of US$ 6.00 per square metre per year of the covered area measuring 2,100.00 square metres. The rate of rent shall be revised in view of prevailing land lease rates after every 5 (five) years period and increase of the rent shall not be more than 10% of the preceding annual rent.

5. In issuing this "Permit", being applied within the time frame of the Notification No. 123/2016 (16-11-2016) issued by the Myanmar Investment Commission, the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Thai British Security Printing Overseas Co., Ltd. shall have to sign the Joint Venture Agreement with U Kyaw Khin. In addition, Myanmar Deco-TBSP Special Products Company Limited shall have to sign the Land and Building Lease Agreement with U Kyaw Khin and Daw Aye Nan. After signing such Agreement, each of (5) copies shall have to be forwarded to the Commission.

7. Myanmar Deco-TBSP Special Products Company Limited in consultation with the Company Division, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Myanmar Deco-TBSP Special Products Company Limited shall use its best efforts for timely realization of work stated on the proposal. If none of such work has been commenced within one year from the date of issue of this "Permit", it shall become null and void.

9. Myanmar Deco-TBSP Special Products Company Limited has to abide by Chapter X, Rules 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if the Myanmar Deco-TBSP Special Products Company Limited cannot construct completely in time the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The investor or promoter shall apply the commencement date of commercial operation with Form (11) for their manufacturing business and report to the Commission in accordance with Foreign Investment Rule 97.

13. Myanmar Deco-TBSP Special Products Company Limited shall endeavour to meet the targets for production and export stated on the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of Foreign Investment Law and Myanmar Deco-TBSP Special Products Company Limited has to follow the existing Labour Laws for the recruitment of staffs and labours in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency.

16. Myanmar Deco-TBSP Special Products Company Limited brings in foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Myanmar Deco-TBSP Special Products Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Myanmar Deco-TBSP Special Products Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Myanmar Deco-TBSP Special Products Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of National Resources and Environmental Conservation in which to conduct Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare, submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

20. After getting permit from Myanmar Investment Commission, Myanmar Deco-TBSP Special Products Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. After getting permit from Myanmar Investment Commission, Myanmar Deco-TBSP Special Products Company Limited shall have to be registered at the Ministry of Information according to the existing Law, Rules and Regulation.

22. Myanmar Deco-TBSP Special Products Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to be undertaken such as water storage tank, fire hooks, sand bags, fire extinguishers and provide training to use the fire fighting equipment and also to be appointed the fire safety officer.

23. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made out of local sales and export earning of Myanmar Deco-TBSP Special Products Company Limited.

24. Myanmar Deco-TBSP Special Products Company Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rules 79 and 80 of Foreign Investment Rules.

21.6.17

(Kyaw Win)
Chairman

Myanmar Deco-TBSP Special Products Company Limited

cc: 1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Natural Resources and Environmental Conservation
4. Ministry of Labour, Immigration and Population
5. Ministry of Industry
6. Ministry of Commerce
7. Ministry of Planning and Finance
8. Ministry of Information
9. Chairman, Central Bank of Myanmar

10. Office of the Yangon Region Government
11. Director General, Department of Environmental Conservation
12. Director General, Directorate of Labour
13. Director General, Department of Immigration
14. Director General, Directorate of Industrial Supervision and Inspection
15. Director General, Department of Trade
16. Director General, Directorate of Investment and Company Administration
17. Director General, National Archives Department
18. Director General, Customs Department
19. Director General, Internal Revenue Department

ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တင်ပြလာသော Myanmar Deco-TBSP Special Products Co., Ltd. ၏ ကော်မရှင်အစည်းအဝေးသို့ တင်ပြရန်ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၆-၁၂-၂၀၁၆		
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က)ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	၁၆-၁၂-၂၀၁၆	၉-၁၁-၂၀၁၆	
	(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	၂၂-၁၂-၂၀၁၆	၂၃-၁၁-၂၀၁၆	
	(ဂ) ပြည်ထဲရေးဝန်ကြီးဌာန(ပထမအကြိမ်)	၁၆-၁၂-၂၀၁၆	၂၆-၁၂-၂၀၁၆	
	ပြည်ထဲရေးဝန်ကြီးဌာန(ဒုတိယအကြိမ်)	၃-၃-၂၀၁၇	၂၈-၃-၂၀၁၇	
	(ဃ)ပြန်ကြားရေးဝန်ကြီးဌာန	၁၆-၁၂-၂၀၁၆	၂၇-၁၀-၂၀၁၆	
	(င) မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၁၆-၁၂-၂၀၁၆	၂-၁၁-၂၀၁၆	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး(၃၂/၂၀၁၅)သို့တင်ပြခြင်း	၇-၉-၂၀၁၅		
၄	ကုမ္ပဏီမှလိုအပ်ချက်များ ပြန်လည်ပြင်ဆင်၍အဆိုပြုလွှာအစုံ(၁၀)စုံပေးပို့ခြင်း	၂၇-၄-၂၀၁၇		
	စုစုပေါင်းကြာမြင့်ရက်	(၁၄၂) ရက်		

မှတ်ချက်။ Chan Wanich (Myanmar) Co., Ltd. မှ အလားတူ လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ကော်မရှင်အစည်းအဝေး ၂/၂၀၁၇ (၂၁-၁-၂၀၁၇) သို့ တင်ပြလမ်းညွှန်မှုခံယူရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ ကန့်ကွက်ရန် ရှိ-မရှိ သဘောထားထပ်မံတောင်းခံရန် လမ်းညွှန်ခဲ့ပါသဖြင့် ထပ်မံတောင်းခံထားခြင်းဖြစ်ပါသည်။

ကုမ္ပဏီအမည် - Myanmar Deco-TBSP Special Products Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန် - ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား - Manufacturing and Marketing of Various Printed Documents such as Passbook (saving book) and Cheque Book (ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း)
တည်နေရာ - မြေကွက်အမှတ်-၆၁၊ မြေတိုင်းရပ်ကွက်အမှတ်- အပိုင်း ၃၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - အမေရိကန်ဒေါ်လာ ၁.၅၅ သန်း
ရောင်းချမည့်စနစ် - ပြည်တွင်း ၈၀ %၊ ပြည်ပ ၂၀ %
လုပ်ငန်းသက်တမ်း - ကနဦး ၃၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်)
အရင်းကြေကာလ - ၅ နှစ် ၁၁ လ
IRR - ၁၂.၂၇ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၂.၁၆၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၁၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၆၈.၂၇၇ သန်း	
၄	ကုန်သွယ်လုပ်ငန်းခွန်	-	ကျပ် ၇၈၁.၀၈၀ သန်း
၅	ဝင်ငွေခွန်	ကျပ် ၁၅၂.၃၈၀ သန်း	ကျပ် ၁၄၆.၂၀၉ သန်း
၆	ရေ/လောင်စာဆီ/လျှပ်စစ်မီး သုံးစွဲခ		ကျပ် ၇၆၆.၆၄၄ သန်း
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်း (၂၀) ကျော်ပါကအခွန်ပေးရမည့်ဝန်ထမ်း(၁၆၁) ဦး
၈	CSR ၂ %		ကျပ် ၂၀.၉၆၄ သန်း
၉	မြေငှားရမ်းခရငွေ		ကျပ် ၃၃၆.၉၇၉ သန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၂၄၂ ဦး ပြည်တွင်းလုပ်သား (၂၄၂) ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေပြီးဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။
		ကျပ် ၂၂၂.၈၁၇ သန်း	ကျပ် ၂,၀၅၃.၀၄၁ သန်း
		၁ : ၉	

အကြောင်းအရာ။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Deco-TBSP Special Products Co., Ltd. တည်ထောင်ကာ Manufacturing and Marketing of Various Printed Documents such as Passbook (saving book) and Cheque Book (ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း) ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်	- Myanmar Deco-TBSP Special Products Co., Ltd. - ဦးကျော်ခင် (မြန်မာ)
	အဖွဲ့အစည်းပုံသဏ္ဌာန်	ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - ဦးကျော်ခင် (မြန်မာ) ၅၁ % - Thai British Security Printing Overseas Co., Ltd. (ထိုင်း) ၄၉ %
	လုပ်ငန်းအမျိုးအစား	- Manufacturing and Marketing of Various Printed Documents such as Passbook (saving book) and Cheque Book (ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း)
၂။	တည်နေရာ	- မြေကွက်အမှတ်-၆၁၊ မြေတိုင်းရပ်ကွက်အမှတ်- အပိုင်း ၃၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
	မြေဧရိယာ	- ၂.၀၁၁ ဧက (၈,၁၃၈.၂၃၅ စတုရန်းမီတာ) - အဆောက်အဦပါမြေ ၂၁၀၀ စတုရန်းမီတာ - အဆောက်အဦမပါမြေ ၆၀၃၈.၂၃၆ စတုရန်းမီတာ
	မြေပိုင်ရှင်	- ဦးကျော်ခင်၊ ဒေါ်အေးနန်း
၃။	နှစ်စဉ်မြေနှင့် အဆောက်အဦ ငှားရမ်းခ	- အမေရိကန်ဒေါ်လာ ၄၂,၇၉၁ - တစ်နှစ် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၆ နှုန်း (အဆောက်အဦပါမြေ) - တစ်နှစ် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၅ နှုန်း (အဆောက်အဦမပါမြေ)
	အဆောက်အဦအကျယ်အဝန်း	- ၃၀ မီတာ x ၇၀ မီတာ (၂ ထပ် အဆောက်အဦ)
	မြေငှားသက်တမ်း	- ကနဦး ၃၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်)
၄။	လုပ်ငန်းသက်တမ်း	- ကနဦး ၃၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်)

	တည်ဆောက်ရေးကာလ	- ၁ နှစ်		
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၁.၅၅ သန်း		
	ထည့်ဝင်သည့် အမျိုးအစား			
		US$(သန်း)		
		နိုင်ငံခြား	**မြန်မာ**	**စုစုပေါင်း**
	ငွေသား	၀.၁၅	-	၀.၁၅
	စက်နှင့်စက်ပစ္စည်း (ပြည်ပ)	၀.၄၂	၀.၇၉	၁.၂၁
	ရုံးသုံးပရိဘောဂ(ပြည်ပ)	၀.၀၄	-	၀.၀၄
	ရုံးသုံးပရိဘောဂ(ပြည်တွင်း)	၀.၀၁	-	၀.၀၁
	မော်တော်ယာဉ်(ပြည်ပ)	၀.၁၄	-	၀.၁၄
	စုစုပေါင်း	**၀.၇၆**	**၀.၇၉**	**၁.၅၅**
၆။	ဝန်ထမ်းအင်အား (ပထမနှစ်)	- **၂၅၀ ဦး**		
	ပြည်တွင်း	၂၄၂ ဦး (ပြည်တွင်းအနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏လစာမှာ US$ ၁၀၀၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၅၀၀)		
	ပြည်ပ	၈ ဦး (ပြည်ပအနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁,၀၀၀၊ အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁,၁၇၆)		
၇။	ရောင်းချမည့်နည်းစနစ်	- ပြည်တွင်း ၈၀ %၊ ပြည်ပ ၂၀ %		
၈။	ဝင်ငွေ (ဆဋ္ဌမနှစ်)	- အမေရိကန်ဒေါ်လာ ၃.၃၆ သန်း		
	အသုံးစရိတ် (ဆဋ္ဌမနှစ်)	- အမေရိကန်ဒေါ်လာ ၃.၁၇ သန်း		
	အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- အမေရိကန်ဒေါ်လာ ၀.၁၉ သန်း		
၉။	နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် (၆ နှစ်မြောက်)			
	ဝင်ငွေခွန်	- အမေရိကန်ဒေါ်လာ ၀.၀၆ သန်း		
	ကုန်သွယ်လုပ်ငန်းခွန်	- အမေရိကန်ဒေါ်လာ ၀.၁၃ သန်း		
	အရင်းကြေကာလ	- ၅ နှစ် ၁၁ လ		

၁၀။	အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၁၂.၂၇ % - ၁ US$ = ၁,၁၅၀ ကျပ် နှုန်းဖြင့် တွက်ချက်ထားပါသည်။
၁၁။	နှစ်စဉ်လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၃၆၀,၀၀၀ Unit
၁၂။	၆ နှစ်မြောက် ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်း	(see below)

	ပြည်တွင်းရောင်း ၈၀ %		ပြည်ပပို့ ၂၀ %	
	ထုတ်လုပ်မှု (pcs)	ရောင်းဈေးနှုန်း (ကျပ်/ pcs)	ထုတ်လုပ်မှု (pcs)	ရောင်းဈေးနှုန်း (US$/pcs)
Passbook (Saving Book)	၆,၆၄၀,၉၂၀	၃၄၅.၀၀	၁,၆၆၀,၂၃၀	၀.၃၀
Cheque	၁,၀၀၃,၈၆၀	၈၀၅.၀၀	၂၅၀,၉၆၅	၀.၇၀

၁၃။	CSR	- လူမှုဘဝသာယာဝပြောရေးတာဝန်ယူမှု (Corporate Social Responsibility) အတွက် အသားတင်အမြတ်ငွေ၏ ၂ % ကို အသုံးပြုမည်ဖြစ်ကြောင်းတင်ပြထားပါသည်။
၁၄။	မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်	- မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ ထားရှိ ဆောင်ရွက်ထားမည်ဖြစ်ကြောင်း၊ လောင်စာပစ္စည်း များကိုလည်း လုပ်ငန်းခွင်အနီးအနားတွင် ထားရှိခြင်းမပြုပါ ကြောင်း၊ မီးသတ်ဦးစီးဌာနမှ ချမှတ်ထားသော စည်းကမ်း များကို သေချာစွာလိုက်နာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြေအောက်ရေလှောင်ကန် တည်ဆောက်မည်ဖြစ်ပြီး ရေပိုက်၊ ရေပုံး၊ မီးကပ်၊ သဲအိတ်၊ မီးသတ်ဘူးများကို အဆင်သင့် ထားရှိမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများကိုလည်း မီးဘေး အရေးပေါ် ကာကွယ်နိုင်ရန် မီးသတ်နည်းပညာများ လေ့ကျင့် သင်ကြားပေးမည် ဖြစ်ပါကြောင်း တင်ပြထားပါသည်။
၁၅။	အခြား	- Myanmar Deco- TBSP Special Products Co., Ltd. ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း(မူကြမ်း) အား တင်ပြထားပါသည်။ - ငွေရေးကြေးရေး အထောက်အထားအဖြစ် Thai British Security Printing Overseas Co., Ltd. သည် ထိုင်းနိုင်ငံရှိ

၁၆။	စိစစ်တင်ပြချက်	Kasikorn Bank Public Company Limited တွင် (၃-၄-၂၀၁၇) ရက်စွဲဖြင့် ဘတ်ငွေ ၆၂,၈၆၉,၅၈၆.၈၁ (အမေရိကန်ဒေါ်လာ ၁,၈၁၄,၂၅၅.၂၅) ရှိကြောင်းနှင့် ဦးကျော်ခင်သည် AYA Bank (Hlaing Tharyar Branch) တွင် ကျပ်ငွေ ၆၄၈,၆၆၄,၆၈၇ ရှိကြောင်း တင်ပြထားပါသည်။ - Thai British Security Printing Overseas Co., Ltd. ၏ ကုမ္ပဏီအထောက်အထားအဖြစ် Department of Business Developmentကုမ္ပဏီမှတ်ပုံတင်အမှတ်-၀၁၁၅၅၅၈၀၀၀၉၁၉၄ (၃၀-၄-၂၀၁၅)ရက်နေ့တွင် မှတ်ပုံတင်ထားသည့် အထောက်အထားအား တင်ပြထားပါသည်။ ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက် ၃၇ မျိုးရှိပြီး ၎င်းတွင် Bank Cheques ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလည်း ပါဝင်ပါသည်။ - ကုန်ကြမ်းနှင့် စက်ပစ္စည်းများအား ထိုင်းနိုင်ငံ မှ တင်သွင်းမည်ဖြစ်ပြီး ထွက်ရှိလာသောကုန်ချောများကိုလည်း ထိုင်းနိုင်ငံသို့ ပြန်လည်တင်ပို့မည်ဖြစ်ပါသည်။ - ပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် ပတ်သက်၍ ဖက်စပ်ကုမ္ပဏီအနေဖြင့် ISO 14001 ရယူ၍ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ - ထုတ်လုပ်မည့်ပစ္စည်းတစ်ခုချင်း၏ စံနှုန်း (Norm) သတ်မှတ်ချက်နှင့် Security Agreement of Parent Company အား တင်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက- ၃/န-၁၂၅၀/၂၀၁၇(၄၈၀)

ရက်စွဲ ၊ ၂၀၁၇ ခုနှစ် မေလ ၈ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့

တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Deco-TBSP Special Products Co., Ltd. တည်ထောင်ကာ Manufacturing and Marketing of Various Printed Documents such as Passbook (saving book) and Cheque Book (ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း) ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စ**

၁။ ထိုင်းနိုင်ငံ Thai British Security Printing Overseas Co., Ltd. မှ ၄၉ % နှင့် မြန်မာနိုင်ငံ ဦးကျော်ခင် မှ ၅၁ % ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Deco-TBSP Special Products Co., Ltd. တည်ထောင်ကာ မြေကွက်အမှတ်-၆၁၊ မြေတိုင်းရပ်ကွက်အမှတ်- အပိုင်း ၃၊ စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂.၀၁၁ ဧက (၈,၁၃၈.၂၃၅ စတုရန်းမီတာ)နှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦအား ငှားရမ်း၍ Manufacturing and Marketing of Various Printed Documents such as Passbook (saving book) and Cheque Book (ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း) ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ ဦးကျော်ခင်နှင့် Thai British Security Printing Overseas Co., Ltd. တို့အကြား ချုပ်ဆိုမည့် ဖက်စပ်သဘောတူစာချုပ် (မူကြမ်း)၊ ဦးကျော်ခင်၊ ဒေါ်အေးနန် နှင့် Myanmar Deco-TBSP Special Products Co., Ltd. တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း)၊ မြေဆိုင်ရာအထောက်အထားများနှင့် လုပ်ငန်းတည်နေရာပြမြေပုံများ၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း(မူကြမ်း) တို့ကို ပူးတွဲ တင်ပြထားပါသည်။

၃။ မြေငှားသက်တမ်းမှာ ကနဦး ၃၀ နှစ်ဖြစ်ပြီး သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် မြေမှာ စုစုပေါင်း မြေဧရိယာ ၂.၀၁၁ ဧက (၈,၁၃၈.၂၃၅ စတုရန်း

မီတာ)ဖြစ်ပြီး ၎င်းတွင် ၃၀ မီတာ x ၇၀ မီတာ အကျယ်အဝန်းရှိသော ၂ ထပ် အဆောက်အဦ ၁ လုံး ပါဝင်ပါသည်။ နှစ်စဉ် မြေနှင့် အဆောက်အဦငှားရမ်းခမှာ အမေရိကန်ဒေါ်လာ ၄၂,၇၉၀ ဖြစ်ပါသည်။ အဆောက်အဦပါမြေ တစ်နှစ် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၆ နှုန်း ဖြစ်ပြီး အဆောက်အဦမပါမြေ တစ်နှစ် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၅ နှုန်း ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၃၀ နှစ်နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ် ဖြစ်ပြီး တည်ဆောက်မှုကာလမှာ (၁) နှစ် ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁.၅၅ သန်း ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်း၏ ထည့်ဝင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(US$ သန်း)

	နိုင်ငံခြား (၄၉%)	မြန်မာ (၅၁%)	စုစုပေါင်း
ငွေသား	၀.၁၅	-	၀.၁၅
စက်နှင့် စက်ပစ္စည်း (ပြည်ပ)	၀.၄၂	၀.၇၉	၁.၂၁
ရုံးသုံးပရိဘောဂ(ပြည်ပ)	၀.၀၄	-	၀.၀၄
ရုံးသုံးပရိဘောဂ(ပြည်တွင်း)	၀.၀၁	-	၀.၀၁
မော်တော်ယာဉ်(ပြည်ပ)	၀.၁၄	-	၀.၁၄
စုစုပေါင်း	**၀.၇၆**	**၀.၇၉**	**၁.၅၅**

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း(၂၄၂)ဦးနှင့် ပြည်ပမှ ဝန်ထမ်း(၈)ဦး စုစုပေါင်း(၂၅၀)ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၁၀၀ ဖြစ်ပြီး၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၅၀၀ ဖြစ်ပါသည်။ ပြည်ပမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၁,၀၀၀ ဖြစ်ပြီး၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၁,၁၇၆ ဖြစ်ပါသည်။

၇။ လုပ်ငန်းမှ ထုတ်လုပ်သော ငွေစုစာအုပ်နှင့် ချက်စာအုပ်များကို ပြည်တွင်း၌ ၈၀% ရောင်းချမည်ဖြစ်ပြီး ပြည်ပသို့ ၂၀ % တင်ပို့မည်ဖြစ်ပါသည်။ ပုံမှန်နှစ် (၆နှစ်မြောက်) ၏ ထုတ်လုပ်မှု အရေအတွက်နှင့် ရောင်းဈေးနှုန်းမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

အမျိုးအမည်	ပြည်တွင်းရောင်း ၈၀ % ထုတ်လုပ်မှု (pcs)	ရောင်းဈေးနှုန်း (ကျပ်/ pcs)	ပြည်ပပို့ ၂၀ % ထုတ်လုပ်မှု (pcs)	ရောင်းဈေးနှုန်း (US$/ pcs)
Passbook (Saving Book)	၆,၆၄၀,၈၂၀	၃၄၅.၀၀	၁,၆၆၀,၂၃၀	၀.၃၀
Cheque	၁,၀၀၃,၈၆၀	၈၀၅.၀၀	၂၅၀,၉၆၅	၀.၇၀

၈။ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆နှစ်မြောက်)တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

		US$ (သန်း)
(က)	ဝင်ငွေ	၃.၃၆
(ခ)	အသုံးစရိတ်	၃.၁၇
(ဂ)	အသားတင်အမြတ်	၀.၁၉

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၀၆ သန်းနှင့်ကုန်သွယ်လုပ်ငန်းခွန် အမေရိကန် ဒေါ်လာ ၀.၁၃ သန်း ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၅ နှစ် ၁၁ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း IRR မှာ ၁၂.၂၇ % ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁,၃၅၀ ကျပ်နှုန်းဖြင့် တွက်ချက်ဖော်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည် -

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၂/၂၀၁၇ (၁၂-၁-၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ် (၂၅) အရ ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ (က)**

(ခ) **ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးအတွက် ဆောင်ရွက်မည့် **ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်** (Environmental Management Plan-EMP) ရေးဆွဲဆောင်ရွက်ရန် သဘောထားမှတ်ချက်

ပြန်ကြားထားပါသည်။ ကုမ္ပဏီမှ သဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြထားပါသည်။ နောက်ဆက်တွဲ (ခ)

(ဂ) ပြည်ထဲရေးဝန်ကြီးဌာန မှ Myanmar Deco-TBSP Special Products Co., Ltd. မှ လိုက်နာဆောင်ရွက်ရမည့်အချက်များအပေါ် ကန့်ကွက်ရန် ရှိ-မရှိနှင့် ဖြည့်စွက်ရန်အချက်များရှိပါက ဖြည့်စွက်ပြန်ကြားပေးပါရန် သဘောထားတောင်းခံခဲ့ခြင်းအပေါ် သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များအား လိုက်နာဆောင်ရွက်မည်ဆိုပါက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်နှင့် ဖြည့်စွက်ရန်အချက်များ မရှိပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **(နောက်ဆက်တွဲ - ဂ)**

(ဃ) **ပြန်ကြားရေးဝန်ကြီးဌာန** မှ ကုမ္ပဏီသည် ပုံနှိပ်လုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်လျှောက်ထားရယူရန် လိုအပ်ကြောင်း၊ လျှောက်ထားသူသည် နိုင်ငံခြားသားဖြစ်ပါက လျှောက်ထားသည့်လုပ်ငန်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်မိတ္တူ ပူးတွဲတင်ပြရမည် ဖြစ်ကြောင်းနှင့် ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင်မည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်ဦးစွာရရှိပြီးမှ ပုံနှိပ်လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားရမည်ဖြစ်ကြောင်း သဘောထားပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ သဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြထားပါသည်။** **(နောက်ဆက်တွဲ - ဃ)**

(င) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** မှ အဆိုပြုလုပ်ငန်းအပေါ် လုံခြုံရေးနှင့်ဆိုင်သောစာရွက်စာတမ်းများ၊ ပစ္စည်းများ ပုံနှိပ်ထုတ်ဝေမည့်လုပ်ငန်း ဆောင်ရွက်မည်ဖြစ်သဖြင့်ပြန်ကြားရေးဝန်ကြီးဌာန၊ လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များ ရယူဆောင်ရွက်သင့်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ပြည်ပမှ နိုင်ငံခြားငွေဖြင့် ချေးငွေရယူမည်ဆိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **(နောက်ဆက်တွဲ -င)**

၁၁။ Myanmar Deco-TBSP Special Products Co., Ltd. ၏ ငွေရေးကြေးရေး အထောက်အထားအဖြစ် Thai British Security Printing Overseas Co., Ltd. သည်

ထိုင်းနိုင်ငံရှိ Kasikorn Bank Public Company Limited တွင် (၃-၄-၂၀၁၇) ရက်စွဲဖြင့် ဘတ်ငွေ ၆၂,၈၆၉,၅၈၆.၈၁ (အမေရိကန်ဒေါ်လာ ၁,၈၁၄,၂၅၅.၂၅) ရှိကြောင်းနှင့် ဦးကျော်ခင် သည် AYA Bank (Hlaing Tharyar Branch) တွင် ကျပ်ငွေ ၆၄၈,၆၆၄,၆၈၇ ရှိကြောင်း တင်ပြ ထားပါသည်။

၁၂။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်** အဆိုပြုလုပ်ငန်းမှ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ ထားရှိဆောင်ရွက်ထားမည်ဖြစ်ကြောင်း၊ လောင်စာပစ္စည်းများကိုလည်း လုပ်ငန်းခွင်အနီးအနားတွင် ထားရှိခြင်းမပြုပါကြောင်း၊ မီးသတ်ဦးစီးဌာနမှ ချမှတ်ထားသော စည်းကမ်းများကို သေချာစွာ လိုက်နာဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ မြေအောက်ရေလှောင်ကန်တည်ဆောက်မည်ဖြစ်ပြီး ရေပိုက်၊ ရေပုံး၊ မီးကပ်၊ သဲအိတ်၊ မီးသတ်ဘူးများကို အဆင်သင့်ထားရှိမည်ဖြစ်ပကြောင်း၊ ဝန်ထမ်းများကိုလည်း မီးဘေးအရေးပေါ် ကာကွယ်နိုင်ရန် မီးသတ်နည်းပညာများ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၃။ Myanmar Deco-TBSP Special Products Co., Ltd. မှ နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂ % ကို Corporate Social Responsibility အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ ထို့အပြင် ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်နှင့် ဝန်ထမ်းများအတွက် ဝင်ငွေခွန် ပေးဆောင်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ ၏ စီးပွားရေးလုပ်ငန်း အမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်းတွင် ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုနိုင်သောလုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သော (၃၂/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၇။ အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည်-

(က) ကုန်ကြမ်းနှင့် စက်ပစ္စည်းများအား ထိုင်းနိုင်ငံမှ တင်သွင်းမည်ဖြစ်ပြီး ထွက်ရှိလာသော ကုန်ချော ၂၀ % ကိုလည်း ထိုင်းနိုင်ငံသို့ ပြန်လည်တင်ပို့မည်ဖြစ်ပါသည်။

(ခ) ပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် ပတ်သက်၍ ဖက်စပ်ကုမ္ပဏီအနေဖြင့် ISO 14001 ရယူ၍ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြထားပါသည်။

(ဂ) ထုတ်လုပ်မည့်ပစ္စည်းတစ်ခုချင်း၏ စံနှုန်း (Norm) သတ်မှတ်ချက်နှင့် Security Agreement of Parent Company အား တင်ပြထားပါသည်။

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့် ဥပဒေရေးရာဌာနခွဲမှ ကော်မရှင်ခွင့်ပြုမိန့်နှင့် ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်းစိစစ်ပြီးဖြစ်ပါသည်။

(င) အဆိုပြုလုပ်ငန်းသည် ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၂၀၁၆ (၁၆-၁၁-၂၀၁၆)အရ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်ကို ၆-၁၂-၂၀၁၆ ရက်စွဲဖြင့် တင်ပြခဲ့ပြီး ၎င်းဥပဒေအရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ခံစားခွင့်ပြုရန်တင်ပြထားပါသည်။

ဆုံးဖြတ်ရန်အချက်

၁၈။ Myanmar Deco-TBSP Special Products Co., Ltd. တည်ထောင်ကာ မြေကွက်အမှတ်-၆၁၊ မြေတိုင်းရပ်ကွက်အမှတ်- အပိုင်း ၃၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂.၀၁၁ ဧက (၈,၁၃၈.၂၃၅ စတုရန်းမီတာ)နှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦအားငှားရမ်း၍ Manufacturing and Marketing of Various Printed Documents such as Passbook (saving book) and Cheque Book (ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း) ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် သဘော တူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏ နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
	Myanmar Deco-TBSP Special Products Co., Ltd.	Thai British Security Printing Overseas Co., Ltd. (Represented by)	406/2 Moo 9, Sukhumvit Road, Teparak Muang, Samu-tprakarn 10270, Thailand.
		(1) Mr. Panthep Supachaiyakit Director Thai P P No. AA3816880	406/2 Moo 9, Sukhumvit Road, Teparak Muang, Samu-tprakarn 10270, Thailand.
		(2) Mr. Natapong Pinitpongskul Director Thai P P No. AA4483969	No. 707 Village No. 2, Mae Kasa Sub – District, Mae Sot District, Tak Province, Thailand.
		(3) U Kyaw Khin Director Myanmar 12/ Ka Ta Ta (Naing) 009013	No. 3-C, Ward (9), U Tun Nyo Street, Industrial Zone (6), Hlaing Tharyar Township, Yangon Region.
		(4) Daw Aye Nan @ Pe Chin Director Myanmar 9/ Ma Na Ma (Naing) 000248	No. 3-C, Ward (9), U Tun Nyo Street, Industrial Zone (6), Hlaing Tharyar Township, Yangon Region.

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ဖက်စ်နံပါတ် - ၀၉-၅၀၅၁၄၇၀

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ - -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဒေါ်မာမာမင်း

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - Manufacturing and Marketing of Various Printed Documents such as Passbook (saving book) and Cheque Book (ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း)

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၇) / တိုင်းရင်းသား
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ လ ၁၇ ရက်

M-2137
18/1

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၆. ၁၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ မရက-၃/ န-၁၂၅၀/၂၀၁၆(၁၆၃၇-က)

၁။ ထိုင်းနိုင်ငံ Thai British Security Printing Overseas Co., Ltd. မှ ၄၉% နှင့် မြန်မာနိုင်ငံ ဦးကျော်ခင်မှ ၅၁% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Deco-TBSP Special Products Co., Ltd. တည်ထောင်ကာ မြေကွက်အမှတ်-၆၁၊ မြေတိုင်းရပ်ကွက်အမှတ်- အပိုင်း ၃၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂. ၀၁၁ ဧက (၈,၁၃၈. ၂၃၅ စတုရန်းမီတာ)အား ငှားရမ်း၍ သက်ဆိုင်ရာဘဏ်များမှ တရားဝင်မှာကြားထားသော ငွေစုစာအုပ်၊ ချက်စာအုပ်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ (၁၂. ၁. ၂၀၁၇) ရက်နေ့တွင်ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ် (၂၅)အရ ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားအပ်ပါသည်။

ဝန်ကြီးချုပ် (ကိုယ်စား)
(နော်ပန်းသဥ္စာမျိုး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Myanmar Deco-TBSP Special Products Co., Ltd.
လက်ခံစာတွဲ/မျှောစာတွဲ

D/2017/Cabinet/27,(2)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

M. 293
21/2

NPS_681
20.2.17

စာအမှတ်၊ ပထရ/၂-၃ (၃၁၈)/ထောက် ၂
ရက် စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့် တင်ပြထားသော Myanmar Deco-TBSP Special Products Co.,Ltdနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၆-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက-၃/န-၁၂၅၀/၂၀၁၆ (၁၆၃၇-ခ)

၁။ Myanmar Deco-TBSP Special Products Co.,Ltdသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်အပိုင်း(၃)၊ မြေကွက်အမှတ် (၆၁)၊ မြေဧရိယာ ၂.၀၁၁ ဧကအား ငှားရမ်း၍ သက်ဆိုင်ရာဘဏ်များမှ တရားဝင်မှာကြားသော ငွေစုစာအုပ်၊ ချက်စာအုပ်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုရန် တင်ပြခဲ့မှုအား သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ စိစစ်ချက်များအရ အောက်ပါအတိုင်းသိရှိရပါသည်-

(က) Thai British Security Printing Overseas Co.,Ltdသည် ထိုင်းနိုင်ငံတွင် ၁၉၇၈ခုနှစ်၌ စတင်တည်ထောင်ခဲ့ပြီး The British Security Printing နှင့် Communication Corporation (BPCC)တို့ ပေါင်းထားသော ကုမ္ပဏီကြီးဖြစ်ကာ(BPCC)သည် ထိုင်းနိုင်ငံရှိ ဘဏ်အဖွဲ့အစည်းကြီးတစ်ခုဖြစ်ကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထောက်ခံချက်အရ Thai British Security Printing Overseas Co., Ltdသည် ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအား ဆောင်ရွက်ခွင့်ရှိသော ကုမ္ပဏီကြီးဖြစ်ကြောင်း၊

(ခ) လှိုင်သာယာမြို့နယ်၊ ဒိုင်စုကျေးရွာ၊ စက်မှုဇုန်(၅)၊ ဂေါက်ကွင်းပတ်လမ်း၊ အမှတ်(၁၈)နေ မြန်မာနိုင်ငံသား ဦးကျော်ခင်မှ(၅၁%)နှင့် ထိုင်းနိုင်ငံအမှတ်၊ (406/2) Village အမှတ်(၉)၊ Sukhumvit လမ်း၊ Thepharak Sub ရပ်ကွက်၊ The

Pharak Meuang Samut Prakan မြို့နယ်ရှိ Thai British Security Printing Overseas Co.,Ltdမှ (၄၉%) အစုရှယ်ယာ ထည့်ဝင်၍ တည်ထောင်မည့် Myanmar Deco-TBSP Special Products Co.,Ltdအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်အပိုင်း(၃)၊ မြေကွက်အမှတ် (၆၁)၊ မြေနေရာအား ငှားရမ်း လုပ်ကိုင်မည်ဖြစ်ပြီး ၎င်းမြေနေရာသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရုံးမှတ်တမ်းများအရ Myanmar Deco-TBSP Special Products Co., Ltd တွင် အစုရှယ်ယာဝင်မည့် ဦးကျော်ခင်၊ ၁၂/ကတတ(နိုင်) ၀၀၉၀၁၃ နှင့် ဇနီးဖြစ်သူ ဒေါ်အေးနန်း၊ ၉/မနမ(နိုင်)၀၀၀၂၄၈တို့ အမည်ပေါက်ပိုင်ဆိုင်သည့် နှစ်(၆၀) ဂရန်မြေဖြစ်ပြီး ဧရိယာ ၂.၀၁၁ ဧကရှိကြောင်းနှင့် မြေကွက်ပေါ်တွင် နှစ်ထပ် အဆောက်အဦ(၂)လုံးရှိ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အဆိုပါနေရာအား (၁)နှစ်လျှင် အမေရိကန် ဒေါ်လာ(၄၂၇၉၁)ဖြင့် (၅)နှစ် (၁)ကြိမ် သက်တမ်းတိုး၍ ငှားရမ်းရန် ဦးကျော်ခင် နှင့် Thai British Security Printing Overseas Co.,Ltdတို့ ကြိုတင်ညှိနှိုင်းသဘောတူစာချုပ် ချုပ်ဆိုထားခဲ့ကြောင်း၊

(ဂ) Myanmar Deco-TBSP Special Products Co., Ltd၏ ဒါရိုက်တာ အဖွဲ့ဝင်များအဖြစ် ဦးကျော်ခင်၊ ၎င်း၏ ဇနီး ဒေါ်အေးနန်းနှင့် Thai British Security Printing Overseas Co., Ltdဘက်မှ ဒါရိုက်တာအဖွဲ့ဝင် (၂)ဦး ဖြစ်ကြသော Mr.Panthep Supachouyakit နှင့် Mr.Natapong Pinitpongskul တို့ စုစုပေါင်း(၄)ဦးမှ ဆောင်ရွက်မည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြထားပြီး ခွင့်ပြုမိန့် မရရှိသေးသဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင် နိုင်ခြင်းမရှိသေးကြောင်းနှင့် မည်သည့်လုပ်ငန်းမှစတင် လုပ်ကိုင်နိုင်ခြင်း မရှိသေးကြောင်း၊

(ဃ) ကုမ္ပဏီအနေဖြင့်ခွင့်ပြုချက်မရရှိသေးသောကြောင့် Thai British Security Printing Overseas Co., Ltd ၏ ဒါရိုက်တာ အဖွဲ့ဝင်(၂)ဦးဖြစ်သော Mr.Panthep Supachouyakit နှင့် Mr.Natapong Pinitpongskul တို့သည် ထိုင်းနိုင်ငံတွင်နေထိုင်လျက်ရှိပါသဖြင့် စိစစ် နိုင်ခြင်းမရှိကြောင်း၊ ဦးကျော်ခင်နှင့်ဒေါ်အေးနန်းတို့(၂)ဦးသည် အကျင့်စာရိတ္တ ကောင်းမွန်၍ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ဘူးခြင်းမရှိကြောင်း၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊

သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ဆက်သွယ်လှုပ်ရှားမှု မရှိကြောင်း၊ ကျန်းမာရေးကောင်းမွန်သူများဖြစ်ကြောင်း။

၃။ သို့ဖြစ်ပါ၍ အဆိုပြုလုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်အား မူရင်းအမှုတွဲနှင့်အတူ ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ခိုင်ထွန်းဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

မျှော/လက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၃ - ၄ (၁ / ၂၀၁၆) / ၉၈၈

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

M-2034 30/12

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၃-၁၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၃/န-၁၂၅၀/ ၂၀၁၅(၁၅၆၉)

1678 30-12-16

(၂) ပြန်ကြားရေးဝန်ကြီးဌာန၏ ၃၀-၁၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၃-၄(၁၁/၂၀၁၅)၅၉၂

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၆-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၃/န-၁၂၅၀/၂၀၁၆(၁၆၃၇-က)

၁။ ထိုင်းနိုင်ငံ Thai British Security Printing Overseas Co.,Ltd. မှ ၄၉% နှင့် မြန်မာနိုင်ငံသားဖြစ်သည့် ဦးကျော်ခင်မှ ၅၁% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Deco-TBSP Special Products Co.,Ltd. တည်ထောင်ကာ ဘဏ်များမှ တရားဝင်မှာကြားထားသော ငွေစုစာအုပ်နှင့် ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရည်ညွှန်း (၁)ပါစာဖြင့် အကြောင်းကြားမှုအရ ရည်ညွှန်း(၂)ပါစာဖြင့် ပြန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ ရည်ညွှန်း(၃)ပါစာဖြင့် သဘောထားမှတ်ချက် ထပ်မံ တောင်းခံလာပါသဖြင့် တည်ဆဲ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ယခင် ပြန်ကြားချက်နည်းတူ အောက်ပါအတိုင်း လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါသည် -

(က) ဥပဒေပုဒ်မ ၄ ၊ ပုဒ်မခွဲ(က) တွင် “ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသော ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သောအချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည် ” ဟု ပြဋ္ဌာန်းချက်အရ ပုံနှိပ်လုပ်ငန်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းတို့အတွက် အသိအမှတ်ပြုလက်မှတ် လျှောက်ထားရယူရန် လိုအပ်ပါသည်။

(ခ) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(က)(၂)တွင် " လျှောက်ထားသူသည် နိုင်ငံခြားသား ဖြစ်ပါက လျှောက်ထားသည့် လုပ်ငန်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့် မိတ္တူပူးတွဲတင်ပြရမည် " ဟု ပြဋ္ဌာန်းချက်အရ နိုင်ငံခြားသားပါဝင်သည့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာခွင့်ပြုမိန့် ဦးစွာရရှိပြီးမှ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ် လျှောက်ထားရမည် ဖြစ်ပါသည်။

(ဂ) ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(စ) တွင် " တက္ကသိုလ်များ၊ ကောလိပ်များ၊ စာသင်ကျောင်းများ၊ ဘဏ်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လူထု လူတန်းစား အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက မိမိတို့၏ လုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာ များနှင့် စပ်လျဉ်း၍ ဥပဒေအခန်း(၃) ၊ အခန်း(၅)နှင့် အခန်း(၆) ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်ခြင်းမရှိစေရ " ဟု ပြဋ္ဌာန်းထားပါသည်။

၃။ သို့ဖြစ်ပါ၍ ဘဏ်လုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများဖြစ်သော သက်ဆိုင်ရာ ဘဏ်များမှ တရားဝင်မှာကြားသည့် ငွေစုစာအုပ်နှင့် ဘဏ်စာအုပ်များ ထုတ်ဝေခြင်းဖြစ်ပါက ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရယူရန် မလိုအပ်ပါ ။ သို့ရာတွင် အဆိုပါစာရွက် စာတမ်းများကို ရိုက်နှိပ်မည့် ပုံနှိပ်လုပ်ငန်းအတွက် အသိအမှတ်ပြု လက်မှတ်ကို မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့် မိတ္တူပူးတွဲ၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုးမြင့်မောင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

Myanmar Deco-TBSP Special Products Co.,Ltd

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထဲရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ပထရ/၁-၃ (၄၈၀)/ထောက် ၅

ရက် စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်

NPG.1221
30.3.17

M-527
37/3

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်ထပ်မံပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ (၁) ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၈-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ပထရ/၂-၃ (၃၁၈)/ထောက် ၂

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ မရက-၃/န-၁၂၅၀/၂၀၁၇(၃၁၉)

၁။ Myanmar Deco – TBSP Special Products Co,Ltd သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(အပိုင်း ၃)၊ မြေကွက်အမှတ် (၆၁)၊ မြေဧရိယာ ၂.၀၁၁ ဧက (၈၁၃၈.၂၃၅ စတုရန်းမီတာ)အား ငှားရမ်း၍ သက်ဆိုင်ရာဘဏ်များမှ တရားဝင်မှာကြားထားသော ငွေစုစာအုပ်၊ ချက်စာအုပ်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ကော်မရှင်မှ ညွှန်ကြားသွားမည်ဖြစ်၍ ကန့်ကွက်ရန် ရှိ/ မရှိနှင့် ဖြည့်စွက်ရန်အချက်များရှိပါက ဖြည့်စွက်ပြန်ကြားပေးပါရန် ရည်ညွှန်း(၂) ပါစာဖြင့် သဘောထားတောင်းခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Myanmar Deco – TBSP Special Products Co,Ltd သို့လိုက်နာဆောင်ရွက်ရန် ညွှန်ကြားမည့် အချက် ၄ ချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ဖြည့်စွက်ရန်အချက်များမရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(ခိုင်ထွန်းဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

မျှော/လက်ခံ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝ၁၁/ MIC(OSS) /၀၁(၄၆ / ၁၇)
ရက် စွဲ ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

M-2206
31.1.17

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Myanmar Deco-TBSP Special Products Co., Ltd. မှ သက်ဆိုင်ရာဘဏ်များမှ တရားဝင်မှာကြားထားသော ငွေစုစာအုပ်၊ ချက်စာအုပ်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၂-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက- ၃/ န-၁၂၅၀/ ၂၀၁၆ (၁၆၇၂)

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၉-၁၂-၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၃(၂)/၁၆/(၃၄၈၅/၂၀၁၅)

၁။ ထိုင်းနိုင်ငံရှိ Thai British Security Printing Overseas Co., Ltd. မှ ၄၉% နှင့် မြန်မာနိုင်ငံရှိ ဦးကျော်ခင်မှ ၅၁% ထည့်ဝင်၍ ဖက်စပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Deco-TBSP Special Products Co., Ltd. တည်ထောင်ကာ မြေကွက်အမှတ်- ၆၁၊ မြေတိုင်းရပ်ကွက်အမှတ်- အပိုင်း- ၃၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ ၂.၀၁၁ ဧက (၈,၁၃၈.၂၃၅ စတုရန်းမီတာ) ပေါ်ရှိ အဆောက်အဦနှင့် မြေကိုငှားရမ်း၍ သက်ဆိုင်ရာဘဏ်များမှ တရားဝင်မှာကြားထားသော ငွေစုစာအုပ်၊ ချက်စာအုပ်များကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ပေးပို့လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များအား လေ့လာတွေ့ရှိရပါသည် -

(က) ကနဦးရင်းနှီးမြှုပ်နှံမှု ကာလမှာ (၃၀) နှစ်ဖြစ်ပြီး၊ သက်တမ်းတိုး (၁၀) နှစ် (၂) ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကာ လုပ်ငန်းတည်ဆောက်မည့် ကာလမှာ (၁)နှစ် ဖြစ်ကြောင်း၊

(ခ) စာရွက်စာတမ်းများ လုံခြုံရေးအတွက် Non OBA paper (Non-Optical Brightening Agent) နှင့် Invisible Ink ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊

(ဂ) ယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ရည်ညွှန်း (၂) ပါစာဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပြုလုပ်ရန် သဘောထားမှတ်ချက် ပြန်ကြားခဲ့ပြီးဖြစ်ကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေ ထွက်ရှိရန် စောင့်ဆိုင်းနေရသည့်အတွက် ယခုမှပြန်လည်တင်ပြရခြင်း ဖြစ်ကြောင်း၊

(ဃ) လုပ်ငန်းခွင် သာယာရေးနှင့် သက်သာချောင်ချိရေးစီမံချက်၊ မီးဘေး ကြိုတင်ကာကွယ်ရေး စီမံချက်များကိုလည်းထားရှိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(င) လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ ၂% ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း၊

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြီး (၁) ခုလုံး ပတ်ဝန်းကျင်ရှိ ရေထု၊ မြေထု၊ လေထု ညစ်ညမ်းမှုမရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည့် စွန့်ပစ်ရေ ပြန်လည်သန့်စင်သည့် စနစ်အပါအဝင် သန့်စင်သည့်စနစ်များကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါ ရှိပါသည်။

၃။ အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည် -

(က) Myanmar Deco-TBSP Special Products Co., Ltd. မှ သက်ဆိုင်ရာဘဏ်များမှ တရားဝင်မှာကြားထားသော ငွေစုစာအုပ်၊ ချက်စာအုပ်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ထွက်ရှိလာမည့် စက္ကူဖြတ်စ၊ ညှပ်စများ၊ အမှုန်၊ အမွှားများ ကြောင့် ပတ်ဝန်းကျင်လေထုနှင့် မြေထုညစ်ညမ်းခြင်း၊

(ခ) ပုံနှိပ်ရာတွင်အသုံးပြုမည့် မင်နှင့် လုပ်ငန်းလည်ပတ်ရာမှ ထွက်ရှိလာမည့် စွန့်ပစ်အရည်များအားစနစ်တကျ စွန့်ပစ်ခြင်းမပြုဘဲ ပတ်ဝန်းကျင်ရှိ မြစ်/ချောင်း/အိုင်များအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ပါက မြေထုနှင့် ရေထု ညစ်ညမ်းစေနိုင်ခြင်း၊

(ဂ) လုပ်ငန်းအဆင့်ဆင့်တွင် စက်များအသုံးပြု ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဆူညံသံကြောင့် အသံညစ်ညမ်းခြင်း၊

(ဃ) စွန့်ပစ်အမဲဆီ၊ အင်ဂျင်ဝိုင်၊ စက်မောင်းဆီနှင့် အခြားစက်ဆီချောဆီများကြောင့် ပတ်ဝန်းကျင် မြေထုနှင့် ရေထု ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ခြင်း၊

(င) အလုပ်သမားများ၏ စွန့်ပစ်ပစ္စည်းများနှင့် မိလ္လာအညစ်အကြေးများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု ပြဿနာများဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Myanmar Deco-TBSP Special Products Co., Ltd. မှ သက်ဆိုင်ရာဘဏ်များမှ တရားဝင်မှာကြားထားသော ငွေစုစာအုပ်၊ ချက်စာအုပ်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက် ရမည့်လုပ်ငန်းများကို အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR) အတွက် အသားတင်အမြတ်ငွေ၏ ၂% ကို အသုံးပြုခြင်း အပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါး စေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Management Plan - EMP) ကိုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များ နှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဂ) စီမံကိန်းဆောင်ရွက်မည့်သူများအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီစဉ်များ၊ အစီရင်ခံစာများရေးသား ပြုစုရာတွင် ပြဋ္ဌာန်း ထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်း

ဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများကိုလည်း ရယူဆောင်ရွက်ရန်။

20/10/17

(အောင်သူကျော်)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
